ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒကွိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များမှ

ဒေသခံပြည်သူများအား လက်ခံတွေ့ဆုံ

နေပြည်တော်၊ နိုဝင်ဘာလ ၁၆ ရက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ်ပြည်သူ့လွှတ်တော်၊ တတိယပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့အစည်းအဝေးသို့ လာရောက်လေ့လာသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒကွိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များမှ ဒေသခံပြည်သူများအား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ သဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒကွိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များမှ ပြည်သူများအနေဖြင့် လွှတ်တော်ကို ယခုလို စိတ်ပါဝင်စားစွာ လာရောက်လေ့လာသည့်အတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ **ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက** ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ၂၀၂၅ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲများကျင်းပပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည့် မဏ္ဍိုင်ကြီး(၃)ရပ်ဖြင့် ဒီမိုကရေစီ အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာ သည့်အခြေအနေများ၊ မိမိတို့ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် နိုင်ငံအကျယ်အဝန်း၊ တိုင်းရင်းသား လူမျိုးစုများနှင့် လူဦးရေအပေါ်မူတည်၍ လွှတ်တော်နှစ်ရပ်စနစ် (Bicameral) စနစ် ကျင့်သုံးမှု အခြေအနေများ၊ လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့် လွှတ်တော်က အသစ်ပြဋ္ဌာန်းပေးလိုက်သော အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေနှင့် အခြား

လက်ရှိတည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်း ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မဏ္ဍိုင်ကြီး(၃)ရပ် အပြန်အလှန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုး ဆောင်ရွက်နေသည့် အခြေအနေများ၊ လွတ်တော်တွင် ပြည်သူများက ရွေးချယ်ပေးလိုက်သော ကိုယ်စားလှယ်များအနေဖြင့် ပြည်သူကိုကိုယ်စားပြုပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လွတ်တော်အတွင်း မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းဆောင်ရွက်ခြင်းနှင့် ပြည်သူ့အသံများကို လွတ်တော်မှတစ်ဆင့် ဖော်ထုတ်ဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ ဥပဒေပြုရေး လုပ်ငန်းစဉ်များ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် လွတ်တော်ကော်မတီများဖွဲ့စည်းမှု အခြေအနေများ၊ မိမိတို့လွတ်တော်အနေဖြင့် ပြည်သူများအားကိုး အားထားပြုရာ မဏ္ဍိုင်တစ်ရပ် ဖြစ်စေရန်အတွက် လွတ်တော်ကို စွမ်းရည်မြင့်မားပြီး ပြည်သူကို ဗဟိုပြုသည့် ခေတ်မီလွတ်တော်ဖြစ်စေရေးအတွက် ပြည်သူ့လွတ်တော် မဟာဗျူဟာ စီမံကိန်း(၂၀၂၇-၂၀၃၁) (၅)နှစ်စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိပြီး **"ပြည်သူ့အသံ လွတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွတ်တော်က ဖော်ဆောင်ရွက်"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် **အခြေအနေများနှင့် စပ်လျဉ်း၍ အသေးစိတ်** ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွတ်တော်ဥက္ကဋ္ဌက အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပုဗ္ဗသီရိမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**